# ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ **BIA - BDA - PBF** ရဲဘော်ဟောင်းများက
# အငြိမ်းစားနှင့် ထမ်းဆောင်စဲ တပ်မတော်သားများသို့
# တင်ပြချက်
# (၁၅ – ၁၀ – ၂၀၀၃)

၁။ နအဖ အာဏာပိုင်များသို့ ပန်ကြားချက် ၃ ခု ထုတ်ခဲ့သည်။ အရာမထင်သည့်အပြင် ပို၍ရမ်းကားလာသည်။ ထို့ကြောင့် ရဲဘော်တို့သို့ တိုက်ရိုက်တင်ပြရခြင်း ဖြစ်ပါသည်။

အမြော်အမြင်မဲ့သောခေါင်းဆောင်ကြောင့် သိန်းချီသောတပ်မတော်ကြီး တခုလုံး မည်သို့မည်ပုံဒုက္ခရောက်တတ်ကြောင်းကို အီရတ်က ပြနေသည်။ ကျွန်ုပ်တို့ပါဝင်တည်ထောင်ခဲ့သော ဗမာပြည်၏တပ်မတော်ကြီး ထိုဘဝမျိုးသို့ မရောက်စေရေးမှာ တင်ပြချက်၏ ရည်ရွယ်ချက် ဖြစ်ပါသည်။

၂။ စစ်အုပ်စုသည် နောက်ဆုံးခံစစ်ကြောင်းမှ ခံနေသည်။ ကြာရှည်ခံစစ်ဆင်နေ၍ မရကြောင်း သူတို့သိသည်။ ထို့ကြောင့် မဆုတ်ခွာခင် သူတို့အတွက် အကာအကွယ်တွေ အစီအမံတွေ လုပ်ထားခဲ့ချင်သည်။

ဒါကြောင့် 'လမ်းပြမြေပုံ' (Road Map) ဆိုတာကိုလုပ်ခြင်း ဖြစ်သည်။ ထို 'လမ်းပြမြေပုံ' မှာ ASEAN ခေါင်းဆောင်များသို့လည်း ဦးတည်၍ ထုတ်ပြန်ခြင်း ဖြစ်သည်။ 'လမ်းပြမြေပုံ' ကို ASEAN က မီးစိမ်းပြလိုက်ပြီဖြစ်၍ သူတို့တက်သုတ်နှင်ကြတော့မည်။ ၂၀၀၆ ခုနှစ်ကို နောက်ဆုံးအချိန်ဇယားအဖြစ် ကုလ တွင်း/ချုပ် က ဖွင့်ပြောသော်လည်း ASEAN နှင့် နအဖ ကတော့ မပြောပါ။ သူတို့ခေါင်းထဲတွင်ကား '၂၀၀၆' ရှိသည်။

ဗမာပြည်ပြဿနာက '၂၀၀၆' ရောက်သည့်အထိ မပြေလည်လျှင် –

(က) ဗိုလ်ချုပ်မှူးကြီးဝတ်စုံနှင့် ASEAN ဥက္ကဌတယောက် ပေါ်လိမ့်မည်။ ASEAN အတွက်ရော၊ ကမ္ဘာ့အသိုင်းအဝိုင်းအတွက်ပါ ကသိကအောက် ဖြစ်ကြမည်။ ဗမာပြည်တွင်း ကျင်းပသည့် နိုင်ငံစုံအစည်းအဝေးများသို့ တက်ရခက်၊ မတက်ရခက် ဖြစ်မည်။ အင်အားကြီး နိုင်ငံအတော်များများ အထူးသဖြင့် အမေရိကန်ကတက်မည် မဟုတ်။ တခြားသူများကိုလည်း မတက်ဖို့ ဟန့်လိမ့်မည်။ ASEAN အဖွဲ့ဝင် တချို့ကလည်း တက်ဝံ့မည် မဟုတ်။ ASEAN ပျက်ကိန်းကြုံမည်။

(ခ) ASEAN တော့ အပျက်မခံနိုင်၊ ဗမာပြည်ကိုပဲထုတ်ပစ် ဆိုသော အသံတွေ ကျယ်လာမည်။ မဟာသီယာလို တယောက်တည်းပြောတာ မဟုတ်ဘဲ အတော်များများက ပြောလိမ့်မည်။

ASEAN နိုင်ငံများက ဗိုလ်ခင်ညွန့်၏ 'လမ်းပြမြေပုံ'ကို မီးစိမ်းပြလိုက်ခြင်း၏ အကြောင်းတခုမှာ သူတို့ (မလေး၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်) တို့တွင် ရွေးကောက်ပွဲများ ၂၀၀၄၊ ၂၀၀၅ တွင် လုပ်ဖို့ရှိသည်။ အစိုးရတိုင်းကဘာလီအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည် ဟူသောဂုဏ်ကို ရထားချင်ကြသည်။ ဘာလီအစည်းအဝေး အပျက်မခံနိုင်။ ပျက်လျှင် 'မဲ' တွေ ဆုံးရှုံးလိမ့်မည်။ ထို့ကြောင့် ဗိုလ်ခင်ညွန့် တနပ်စားကြံနေမှန်း သိသော်လည်း ငြိမ်နေကြသည်။ အာဏာပိုင်က သန်းရွှေနှင့် အပေါင်းပါများသာဖြစ်ကြောင်းကိုလည်း သူတို့သိသည်။ ဗိုလ်ခင်ညွန့်ကို အကျပ်ကိုင်လည်း ထူးမည်မဟုတ်။ ထို့ကြောင့် 'အချိန်ဇယား' ပေးပါဟု မပြောကြဘဲ မီးစိမ်းပြလိုက်ခြင်း ဖြစ်သည်။

ထိပ်သီးတဦးကို နိုင်ငံခြားရေးဝန်ကြီးတဦးလို သဘောထားပြီး အားမနာတမ်း ဝိုင်းပြီးတေကြဘောကြလုပ်လို့ မဖြစ်တာလည်း သူတို့သိသည်။ ဒါက အာရှနည်း ဖြစ်သည်။

သူတို့၏ ရွေးကောက်ပွဲတွေ ပြီးလျှင်ကား ဗမာပြည် 'လမ်းပြမြေပုံ' ၏ အချိန်ဇယားကိုပေးပါဟု တောင်းကြလိမ့်မည်။ ၂၀၀၆ က ရောက်တော့မည်။ အချိန်ဆွဲခံနေ၍ မရတော့ပါ။

(ဂ) နအဖ က အချိန်ဇယား မပေးနိုင်လျှင် ASEAN ထဲက 'ဗမာပြည်ထုတ်ပစ်' ဟု ပြောလာလိမ့်မည်။ အမေရိကန်ကလည်း 'အုပ်စိုးသူ ပြောင်းပစ်' ဟု ပြောလိမ့်မည်။ အမေရိကန်ကတော့ ပြောရုံမက လက်တွေ့လုပ်လိမ့်မည်။ ဗမာပြည်၏အနေအထားကြောင့် အီရတ်မှာလုပ်သလို လုပ်မှာမဟုတ်။ CIA က ကမ္ဘာလှည့် လုပ်ခဲ့သည့်နည်း လုပ်လိမ့်မည်။ ဗမာပြည်တွင် 'ပီနိုရှေး' 'လုံနိုး' လိုလူတယောက်ရွေးဖို့ စဉ်းစားလိမ့်မည်။ သူ့အတွက် သိပ်ခက်မည် မဟုတ်ပါ။ CIA က ဒါမျိုး လက်ယဉ်သည်။

ဗမာပီနိုရှေး၊ ဗမာလုံနိုးပေါ်လျှင် တိုင်းပြည်ပျက်လိမ့်မည်။

(၃) နိုင်ငံတကာရေးရာအကျပ်ထက် ပိုကြီးသောအကျပ်အတည်းက ပြည်တွင်းတွင် ရှိသည်။ သန်းရွှေနှင့် အပေါင်းပါများသည် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကိုမကြောက်။ အနိုင်ကျင့်ဝံ့သည်။ ၁၅ နှစ် အတွေ့အကြုံအရ သူတို့ဘာမဆို လုပ်ဝံ့သည်။ ဒီပဲယင်းအဖြစ်အပျက်က ဒေါ်အောင်ဆန်းစုကြည်လည်း သူတို့ပြုသမျှ နုရမည့်သူတယောက်သာ ဖြစ်သည်ဟု လူထုကြီးကို ပြလိုက်ခြင်း ဖြစ်၏။

လုပ်ပြီးနောက်တွင် သူတို့လန့်သွားဟန် ရှိသည်။ ဗိုလ်သန်းရွှေတယောက် ဒေါပွသွားသည်ဟုဆိုသောသတင်း ထွက်လာသည်။ ကြောက်သွားအောင် လှန့်ခိုင်းလိုက်တာကို အောက်ခြေက ခြေကျွံလက်ကျွံလုပ်ကြသည်။ ဗဟိုကိုအာခံကြတာဟု ထင်သွားသည်ဟု သတင်းတခုက ဆိုသည်။

ဗိုလ်မောင်အေးကလည်း သူ့ကိုကျော်ပြီး အောက်ခြေဗိုလ်ချုပ်များ လုပ်ကြသည်ဟုယူဆပြီး သဘောမတွေ့။ လူငယ်ခြေတက်ဗိုလ်ချုပ်များက သူ့ကိုချောင်ထိုးလိုက်ပြီဟု ယူဆသည်ဟု ဆိုသည်။ စိတ်ရောဂါရနေပြီဟူသောသတင်းများ ပြန့်လာသည်။

ဗိုလ်ခင်ညွန့်ကတော့ ဒီပဲယင်း၊ ရေဦး လူသတ်ကွင်းမှ (အနောက်မြောက်တိုင်း၏ အာဏာစက်အောက်မှ) ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်ရောက်အောင် ထောက်လှမ်းရေးက ကယ်ထုတ်ခဲ့ရတာဟု တီးတိုးဝါဒဖြန့်သည်။

အားလုံးမှာ ကောလာဟလဆန်သောသတင်းများ ဖြစ်သည်။ သေချာတာကတော့ ဒေါ်အောင်ဆန်းစုကြည်ကို (ဘယ်ကမှန်းမသိသည့်) ရန်မှ ကာကွယ်မှုပေးထားရန် ထိန်းသိမ်းရခြင်းဟု တရားဝင်သတင်း ထုတ်ပြန်နေခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ရှိနေလျှင် စစ်အုပ်စုမင်းဆက် တဆက်ပြီးတဆက် အုပ်စိုးသွားဖို့ မလွယ်။ ဒါကြောင့် အပြတ်ရှင်းပစ်ရမည်ဟု ဖြောင်ပြောနေသော လူငယ်ခြေတက် စစ်အုပ်စုလောင်းလျာများ ရှိနေတာကတော့အမှန် ဖြစ်သည်။ မစ္စစုပ်ဘူး၊ NLD ကို ဘယ်တော့မှ အာဏာမလွှဲဘူးဆိုတာလည်း သူတို့က ဖြောင်ပြောနေကြသည်။ ထိုသူများ၏ရန်က 'ကာကွယ်' ပေးထားတာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ၁၉၅၈ ခုနှစ်တုန်းက 'တပ်ရဲ့အောက်ခြေ မငြိမ်ဘူး၊ ထိန်းလို့မလွယ်ဘူး' ဟု အကြောင်းပြပြီး အိမ်စောင့်အစိုးရ အာဏာရအောင် လုပ်ခဲ့သည့်ထုံးကို နှလုံးမူကာ ယခုလည်း "အောက်ခြေထိန်းရခက်တယ်၊ 'လမ်းပြမြေပုံ' လုပ်မှ ဖြစ်မယ်" ဟုပြောကာ အင်ဒိုနီးရှားသံတမန်၊ ကုလသမဂ္ဂသံတမန်ကို 'လမ်းပြမြေပုံ' ဖြင့် ပျားရည်နဲ့ဝမ်းချ လုပ်ပုံပေါ်သည်။

'အမျိုးသားညီလာခံ' မကြာမီ ပြန်ခေါ်နိုင်ပါသည်။ ဒီပဲယင်းဖြစ်ပြီးစက စစ်ရပ်စဲရေးလုပ်ထားသော 'ငြိမ်းအဖွဲ့' များကို 'အမျိုးသားညီလာခံ' တက်ချင်ရင် လက်နက်အရင်စွန့် (ချ) ရမည်ဟူသော အပြောမျိုး တိုးတိုးတိတ်တိတ်ပြောသံ ကြားရသည်။ ပြောသူများက ဗိုလ်ရွှေမန်း၊ တွင်း (၁) အသစ်နှင့် ထောက်လှမ်းရေး ဒု/ချုပ် ဗိုလ်ကျော်ဝင်းတို့ ဖြစ်သည်။ နောက်တော့ ထိုအသံ မှိန်သွားသည်။ သူတို့ 'လမ်းပြမြေပုံ' ပထမ၊ ဒုတိယ၊ တတိယအဆင့်များကို အမြန်လုပ်ချင်နေပြီ ထင်သည်။ ၂၀၀၄ ခုနှစ် ရောက်လို့မှ ထိုအဆင့်များ မပြီးလျှင် '၂၀၀၆ မီပါ့မလား' ဟု ASEAN များက မေးလာလိမ့်မည်။ ပထမ၊ ဒုတိယ၊ တတိယအဆင့်များကို လုပ်ဖို့က လွယ်သည်။'ညီလာခံ' တက်ကြဆိုလျှင် တက်ကြမည့်သူတွေ၊ ပါတီတွေ ရှိသည်။ ဗိုလ်မျိုးညွန့်ကလည်း '၁၀၄ ချက်ပါ အခြေခံဥပဒေ' မူကြမ်းရေးခဲ့ပြီး ဖြစ်သည်။ မခက်ပါ။ ခက်မှာက စတုတ္ထ အဆင့် ဖြစ်သည်။

စတုတ္ထ အဆင့်က လူထုကြီးကို ကျော်ဖြတ်ရသည့်အဆင့် ဖြစ်သည်။ ဗမာပြည် ပြည်သူလူထုက အတွေ့အကြုံရင့်သည်။ အခါအခွင့်ကောင်းကို စိတ်ရှည်ရှည်စောင့်ပြီး စစ်အုပ်စုရင်ဝကို ဆောင့်ကန်တတ်သည့် အတွေ့အကြုံရှိသည်။ ၁၉၆၀ ကတကြိမ်၊ ၁၉၉၀ မှာတကြိမ် လုပ်ခဲ့ပြီးပြီ။ ယခုလည်း စတုတ္ထ အဆင့်တွင် ဆောင့်ကန်ဖို့ ပြင်နေကြပြီ။

'စစ်အုပ်စုမင်းဆက် အဓွန့်ရှည်ရေး' သိုက်တံခါးကြီးက စတုတ္ထ တံခါးကို ဖွင့်နိုင်မှ ဖြစ်သည်။ လူထုကြီးက ထိုတံခါးကို ကျော်ဖြတ်ခွင့် မပေးနိုင်။ သူတို့က အကြမ်းဖက်လျှင် လူထုကပြန်ပြီး အကြမ်းဖက် ခုခံကြလိမ့်မည်။

စစ်အုပ်စုနှင့်လူထု ထိပ်တိုက်တိုးပွဲ ဖြစ်လာလျှင် သင်တို့ဘယ်ဘက် လိုက်မလဲ။ ကျွန်ုပ်တို့ အကြံပေးလိုသည်မှာ – တပ်တွင်းစည်းကမ်း တင်းကျပ်တာသိ၍ ကိုယ်တိုင်မပါနိုင်လျှင် စိတ်ဓာတ်အရ အားပေးသင့်သည်။ အနည်းဆုံး ကြားနေသင့်သည်။

စစ်အုပ်စုမင်းဆက် အဓွန့်ရှည်သဖြင့် သင်တို့ဘာကောင်းကျိုးမှ ခံစားရမှာ မဟုတ်တာကို သိပါ။ ဗိုလ်ချုပ်အများစုပင် မခံစားနိုင်ပါ။ ခံစားရမည့်သူက စစ်အုပ်စု လက်တဆုပ်စာသာ ဖြစ်ပါသည်။

နှစ် ၄၀ ခရီး ပြန်ကြည့်ပါ။ အငြိမ်းစားလစာဖြင့် မစားလောက်သည့် ဗိုလ်ချုပ်တွေ၊ ဗိုလ်မှူးကြီးတွေ အများကြီးရှိသည်။ သားသမီး၏ အကူအညီဖြင့် သူတို့တတွေ၏ ဘဝနေဝင်ချိန်ကို ဖြတ်သန်းနေကြရသည်။

ဗိုလ်အငယ်စား၊ တပ်ကြပ်တပ်သားအငြိမ်းစားများကတော့ ဆိုစရာမရှိ။ ရမည့်လခနှင့်ကားခ တွက်ခြေမကိုက်၍ အငြိမ်းစားလစာ သွားမထုတ်ကြတော့ဟု ကြားရသည်။

ကောင်းစားနေသူတွေ ဘယ်သူတွေလဲ။ နေဝင်း၊ စန်းယု၊ ကျော်ထင်၊ ဇော်ကိုစသည့် စစ်အုပ်စုထိပ်သီးများ ဖြစ်သည်။ သူတို့၏နန်းတော်က တခါက အတိုက်အခံများ ဝိုင်းပြီးအဝေဖန်ခံရရှာသည့် ဦးကျော်ငြိမ်းနန်းတော်ထက် အဆရာထောင်သာသည်။

၄။ ကျွန်ုပ်တို့တွင် အစိုးရိမ်ဆုံးတခု ရှိသည်။ စစ်ဘုရင်များ သူတလူငါတမင်း လုပ်ကြကာ အာဏာသိမ်းပွဲနှင့် တန်ပြန်အာဏာသိမ်းပွဲများ အတောမသတ် ဖြစ်နေသည့် ခေတ်တခုကို ရောက်သွားမှာ စိုးရိမ်ခြင်း ဖြစ်သည်။

'၁၀၄ ချက်ပါ အခြေခံဥပဒေ' စနစ်က ထိုသို့ဖြစ်အောင် တွန်းဆော်ပေးလိမ့်မည်။ ထိုအခြေခံဥပဒေစနစ်က ကာကွယ်ရေးဦးစီးချုပ်ကို အာဏာကုန်အပ်ထားသည့်စနစ် ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ဟောင်း (ဗိုလ်သန်းရွှေလိုလူ) က 'သမ္မတ' ဖြစ်နိုင်သည်။ သို့သော် တကယ့်အာဏာက ကာကွယ်ရေးဦးစီးချုပ် (သစ်) ၏လက်တွင် ရှိနေမည်။ 'အသစ်' က သဘောမကျလျှင် 'အဟောင်း' ကို ဇိဝိန်ခြွေပစ်နိုင်သည်။

ထို 'အသစ်' ကိုလည်း အောက်ခြေဗိုလ်ချုပ် အလောင်းအလျာများက အမြဲတမ်းစိန်ခေါ်နေလိမ့်မည်။ အလောင်းအလျာများက တယောက်တည်းမဟုတ်။ ဂိုဏ်းအုပ်စုဖွဲ့ လှုပ်ရှားကြလိမ့်မည်။ သူ့အုပ်စု ကိုယ့်အုပ်စုဖွဲ့ကာထားသည့် ဗိုလ်ချုပ်အများအပြား ရှိလိမ့်မည်။ တဦးနှင့်တဦး အကောက်ကြံကြ၊ ဒေါက်ဖြုတ်ကြ၊ တဦးခေါင်းတဦးနင်းပြီးတက်ကြ လုပ်နေလိမ့်မည်။ နောက်ဆုံးတွင် အားစမ်းကြလိမ့်မည်။

ပဒေသရာဇ်ခေတ်က ညီတော်၊ သားတော်များ ထီးနန်းစည်းစိမ်လုကြသလို လုကြလိမ့်မည်။ ဟိုအားကိုး ဒီအားကိုး စစ်အုပ်စု ခံတွင်းတွေ့သည့်စကား သုံးရလျှင် ဗိုလ်ချုပ်တွေ 'ပုဆိန်ရိုး' လုပ်ကြလိမ့်မည်။ ညောင်ရမ်း – မြင်ကွန်းမြင်းခုန်တိုင် – လင်းပင်တွေ များလိမ့်မည်။ ထိုတိုင်းပြည်မျိုး မပျက်စီးလျှင် မည်သည့်တိုင်းပြည် ပျက်စီးမည်နည်း။

လက်ရှိတပ်မတော် အဆင့်မြင့်အရာရှိများအားလုံးမှာ တော်လှန်ရေးတပ်မတော်ကို မီလိုက်သူများ မဟုတ်။ ကောင်းမွေဟူသမျှကို နေဝင်းစစ်အုပ်စု သုံးဖြုန်းပစ်လိုက်၍ ကုန်ပြီ။ ချန်ထားခဲ့တာက ဆိုးမွေချည်း ဖြစ်သည်။ အာဏာကို လက်မလွှတ်ဖို့၊ အာဏာသုံးပြီး စည်းစိမ်စုကြဖို့၊ အာဏာနှင့်ပတ်သက်လာလျှင် ဘနဖူး သိုက်တူးသည့်စိတ်ဓာတ်ရှိဖို့၊ လေ့ကြီးထိုးလုပ်နေလျှင် နစ်နာလိမ့်မည်ဆိုတာကို သင်ကြားတတ်မြောက်ထားကြ သူတွေချည်း ဖြစ်သည်။

'၁၀၄ ချက် အခြေခံဥပဒေ' စနစ်က မီးလောင်လေပင့် လုပ်လိမ့်မည်။ ကာကွယ်ရေးဦးစီးချုပ်မှာ ရွေးကောက်ခံရာထူး မဟုတ်။ ခန့်ထားရသည်။ 'တပ်မတော်ညီလာခံ' ဆိုတာက ရွေးပေးတာ မဟုတ်။ ကာကွယ်ရေးဝန်ကြီးက ခန့်သည်။ (ကာကွယ်ရေးဝန်ကြီးဌာနကို သန်းရွှေလက်မလွှတ်ဝံ့တာ ဒါကြောင့် ဖြစ်သည်။ ဝန်ကြီးချုပ်ခင်ညွန့်အောက်တွင် သူက ကာကွယ်ရေးဝန်ကြီး လုပ်နေသည်။)

'၁၀၄ ချက် အခြေခံဥပဒေ' စနစ်အရဆိုလျှင် အထက်ပိုင်းရောက်လေလေ ကာကွယ်ရေးဦးစီးချုပ်ဖြစ်ဖို့ လိုလေလေ ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လျှင်ဖြစ် မဖြစ်လျှင် တပ်ကထွက်ဖို့ပဲ ပြင်ရမည့်စနစ် ဖြစ်သည်။

နေဝင်းတွင် မဆလ ရှိသည်။ ပါတီညီလာခံရှိသည်။ စိန်လွင်နှင့် ဒေါက်တာမောင်မောင် သမ္မတဖြစ်တာ ပါတီညီလာခံက ပါတီတွင်းဒီမိုကရေစီဖြင့် တင်လိုက်ခြင်း ဖြစ်သည်။ သူတို့ ၂ ယောက်စလုံး ဘယ်တုန်းကမှ ကာကွယ်ရေးဦးစီးချုပ် မဖြစ်ခဲ့ပါ။ ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုကာကွယ်ရေး ဦးစီးချုပ်လုပ်နေသော ဗိုလ်စောမောင်နှင့် ဗိုလ်သန်းရွှေတို့မှာ ပါတီတွင်းဝါစဉ်အရဆိုလျှင် ဘိတ်ဆုံးက ဖြစ်သည်။ သာမန်အချိန်တွင် သူတို့ ဘာမှဖြစ်လာမည် မဟုတ်။ (၈၈၈၈) စိုင်ကော်ပြီး ခြုံပေါ်ရောက်ကြသူများ ဖြစ်သည်။

'၁၀၄ ချက် အခြေခံဥပဒေ' စနစ်သည် စစ်ဗိုလ်ချုပ်များကို ပိုပြီးအာဏာရူးစေလိမ့်မည်။ ထိုစနစ် အသက်ဝင်မလာအောင် လုပ်ကြဖို့ တိုက်တွန်းတင်ပြလိုက်သည်။